myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

August 15, 2019 Volume 22, Number 10

**၁၅.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၂၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၃၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၂/ကျပ် |
| CBM Rate | = ၁၅၁၆.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၁.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၃၂.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၉.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၇.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၇၃ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၄.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၁.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၁၂၁ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ကြံ၊ သကြား ထုတ်လုပ်မှု လုပ်ငန်းစဉ်များကို ဆွေးနွေးမည့် သကြားဖိုရမ်တစ်ခုကို နေပြည်တော်၌ ကျင်းပရန်စီစဉ်ထား

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဦးဆောင်မှုဖြင့် ကြံ၊ သကြား ထုတ်လုပ်မှုလုပ်ငန်းစဉ်များကိုဆွေးနွေးမည့် သကြားဖိုရမ်တစ်ခုကို နေပြည်တော်၌ ကျင်းပရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းထံမှသိရသည်။ ဖိုရမ်ကို စက်တင်ဘာလ ၃ ရက်နဲ့ ၄ ရက် နှစ်ရက် ကျင်းပသွားဖို့စီစဉ်ထားတယ်။ မနှစ်ကတည်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ပွဲလုပ်ဖို့အတွက် ဘတ်ဂျက်တင်ပြထားခဲ့တာပါ။ ဒီနှစ်မှာတော့ ဘတ်ဂျက်ကျလာတဲ့အတွက် ပွဲကိုပြုလုပ်သွားမှာဖြစ်ပါတယ်။ သကြား စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မယ့်ကိစ္စရပ်တွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ် ဟု အသိုပါအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေးကပြောသည်။

ဖိုရမ်တွင် စိုက်ပျိုးရေး၊ ထုတ်လုပ်ရေး၊ သကြားနှင့်ပတ်သက်သောမူဝါဒများ ချမှတ်နိုင်ရေး၊ သကြားက အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ကြံက ထွက်ရှိသောအီသနောကတစ်ဆင့် လျှပ်စစ်ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်ပြီး ပြန်လည်ရောင်းချနိုင်ရေး၊ နိုင်ငံတကာနှင့် ဈေးနှုန်းယှဉ်ပြိုင်ရောင်းချနိုင်ရေး၊ ကြံက တစ်ဆင့် ထုတ်ကုန်အဆင့်ဆင့်ကိုထုတ်လုပ်ကာ ပြည်တွင်း၌ ပြည်ပနိုင်ငံများက တင်သွင်းသည့် သကြားများထက်ဈေးနှုန်းလျှော့ချစွာ ရောင်းချနိုင်ရေးနှင့် ကြံစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်လာစေရေးတို့အတွက်ရည်ရွယ်ကာ ယခုကဲ့သို့ ကျင်းပခြင်း ဖြစ်သည်။ ကြံ၊ သကြားကုန်သွယ်မှုတစ်ခုလုံးဖွံ့ဖြိုးတိုးတက်ပြီး Supply Change တစ်ခုလုံးပါဝင်လာအောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိ သကြားထုတ်လုပ်မှု လုပ်ငန်းစဉ်တွေအားလုံးကို အချင်းချင်း ချိတ်ဆက်ဆောင်ရွက်သွားနိုင်အောင် နေပြည်တော်မှာ ပွဲလုပ်တာဖြစ်ပါတယ်ဟု ဦးဝင်းငွေးက ဆက်လက်ပြောသည်။ မြန်မာနိုင်ငံအတွင်းရှိ သကြားဈေး ကွက်အခြေအနေမှာ တည်ငြိမ်မှုမရှိဘဲ တစ်နှစ်ထက်တစ်နှစ် အဆင်မပြေမှုများဖြင့် ကြုံတွေ့နေရခြင်း၊ စိုက်ပျိုးသူ၊ ထုတ်လုပ်သူများမှာ တဖြည်းဖြည်း အဆင်ပြေသည့် အရေအတွက် နည်းလာခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ တဖြည်းဖြည်းပပျောက်လာခြင်း စသည်တို့ကြောင့် ပြည်တွင်း သကြားဈေးကွက်ခိုင်မာလာစေရန် စုပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

မန္တလေးမှာ သကြားနဲ့ပတ်သက်တဲ့ ဖိုရမ်တစ်ခုကို ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ အဲဒီမှာလည်း ဘာအဖြေမှ တိတိကျကျမထွက်ခဲ့ဘူး။ အခုပြုလုပ်မယ့်ပွဲမှာတော့ အဲဒီမှာ အဖြေမထွက်တာတွေကို တိကျတဲ့အဖြေတစ်ခုရရင်တော့ ကောင်းပါတယ်ဟု မန္တလေး၊ သကြားကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးမောင်အေးကပြောသည်။ လက်ရှိတွင် ပြည်ပက တင်သွင်းထားသော သကြားအရေအတွက် အမြောက်အမြားရှိသဖြင့် ပြည်တွင်း၌ သကြားများစုပြုံလျက်ရှိကြောင်းသိရသည်။

**Source:** www.thefarmermedia.com

## ကိုရီးယားသမ္မတနိုင်ငံ၏ ယုံကြည်ရသည့် ကုန်သွယ်ဖက်နိုင်ငံစာရင်းမှ ဂျပန်နိုင်ငံအား ပယ်ဖျက်မည့်သတင်း တင်ပြခြင်း

ဂျပန်နိုင်ငံမှ ကိုရီးယားသမ္မတနိုင်ငံအား ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ ယုံကြည်ရသည့်စာရင်း ( White List )မှ ပယ်ဖျက်ခဲ့သည့် ဆုံးဖြတ်ချက်အားတုံ့ပြန်သည့်အနေဖြင့် ကိုရီးယား သမ္မတနိုင်ငံ မှလည်း ဂျပန်နိုင်ငံကို ၎င်း၏ယုံကြည်ရသည့် ကုန်သွယ်ဖက်နိုင်ငံစာရင်းမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ အတွင်းတွင် ပယ်ဖျက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ သက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူများက (၁၂.၈.၂၀၁၉) ရက်နေ့တွင် ပြောကြားခဲ့ပါသည်။ Strategic Items များနှင့် ပတ်သက်၍ ပို့ကုန်ဆိုင်ရာထိန်းချုပ်ရေးစနစ် (Export Control System)၏ နိုင်ငံတကာအခြေခံစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သင့်ကြောင်း၊ သို့သော်လည်း နိုင်ငံတစ်နိုင်ငံသည် အဆိုပါအခြေခံစည်းမျဉ်းစည်းကမ်းများကို ဆန့်ကျင်၍ သော်လည်းကောင်း၊ အကြိမ်ကြိမ်မလိုက်နာ၍သော်လည်းကောင်း ဆောင်ရွက်နေပါက သက်ဆိုင်ရာကုန်သွယ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ဖို့ရာခက်ခဲမည်ဖြစ်ပါကြောင်း စက်မှုဝန်ကြီး Mr. Sung Yun-mo မှပြောကြားခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် စတင်အသက်ဝင်မည့် ဂျပန်နိုင်ငံမှ ကိုရီးယားသမ္မတအား ပို့ကုန်ထိန်းချုပ်မှု ဆိုင်ရာ ယုံကြည်ရသည့်စာရင်း (White List) (၂၇)နိုင်ငံမှ ပယ်ဖျက်ခဲ့မှုသည် ဒုတိယကမ္ဘာစစ် အတွင်း တောင်ကိုရီးယားနိုင်ငံသားများအား ဂျပန်နိုင်ငံမှ အတင်းအဓမ္မစေခိုင်းခဲ့မှုများအပေါ် လျော်ကြေးပေးရန် တောင်ကိုရီးယားနိုင်ငံတရားရုံးချုပ်၏ ၂၀၁၈ ခုနှစ် အတွင်းက ဆုံးဖြတ်ခဲ့ မှုကြောင့်ဖြစ်သည်ဟု တောင်ကိုရီးယားဘက်မှ ယူဆလျက်ရှိပါသည်။ တောင်ကိုရီးယားနိုင်ငံ နှင့် ဂျပန်နိုင်ငံတို့၏ ပို့ကုန်ထိန်းချုပ်မှုစနစ်များသည် အခြေခံအားဖြင့်တူညီပြီး လက်ရှိတွင် တောင်ကိုရီးယားနိုင်ငံသည် ပို့ကုန် ထိန်းချုပ်မှုစနစ်တွင် Group A, B ဟူ၍(၂) မျိုးခွဲခြားထား ပါကြောင်း၊ ယခုအခါ တောင်ကိုရီးယားနိုင်ငံသည် Group A အား Group A-1 နှင့်Group A-2 ဟူ၍ အုပ်စု(၂)စု ထပ်မံခွဲခြား သတ်မှတ်လိုက်သည့်အတွက် စုစုပေါင်းအနေဖြင့် Group (A-1,A-2,B) ဟူ၍ အုပ်စု(၃)စုရှိမည်ဖြစ်ကာ ဂျပန်နိုင်ငံသည် Group (A-2) တွင်ပါဝင်မည် ဖြစ်ကြောင်း၊ Group (A-2) တွင်ပါဝင်သော နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာပို့ကုန် ထိန်းချုပ်မှုစနစ်မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်း(၄)ခုလုံးကို လိုက်နာ ရမည်ဖြစ်ကြောင်း၊ Group (A-2)တွင် အကျုံးဝင်သောနိုင်ငံအနေဖြင့် Group B နိုင်ငံများနီးပါး ကဲ့သို့ပင်ဖြစ်ပြီး၊ အချို့သော အချက်များတွင်သာ အနည်းငယ်ကွဲပြားမှုရှိမည် ဖြစ်ပါကြောင်းသိရှိရပါသည်။

ပို့ကုန်ဆိုင်ရာထိန်းချုပ်မှုလိုအပ်သည့် Dual Use အသုံးပြုနိုင်သော Strategic Item များအတွက် တောင်ကိုရီးယား အစိုးရ၏ Government Compliance System ကို အသုံးပြု နေသော ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် Group (A-1) တွင်အကျုံးဝင်သောနိုင်ငံ များသို့ သီးခြားထောက်ခံချက်မလိုဘဲ တင်ပို့နိုင်မည်ဖြစ်ပါသည်။ သို့သော် Group (A-1) နှင့် Group B တို့ရှိ နိုင်ငံများသို့တင်ပို့ရန်အတွက် မူသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။ ဥပမာအားဖြင့် မိမိ၏ကုန်သွယ်ဖက်သည် နှစ်နှစ်အတွင်း (၃)ကြိမ်အထက် ကုန်သွယ်မှုပြုထားသူ(သို့မဟုတ်) နှစ်နှစ်ထက်ပို၍ ကာလရှည်ကြာစွာ ကုန်သွယ်မှုပြုခဲ့သူဖြစ်ရမည် စသဖြင့်သတ်မှတ်များနှင့်ကိုက်ညီရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။ Group (A-2) တွင်အကျုံးဝင်သောနိုင်ငံများမှ Strategic Item များကို တင်သွင်းထားသည့် ကိုရီးယားလုပ်ငန်းရှင်များအနေဖြင့် အဆိုပါကုန်စည်များကို အခြားသောနိုင်ငံများသို့ ပြန်လည်ရောင်းချခွင့်မရှိကြောင်း၊ ထို့ပြင် Group (A-2) တွင် အကျုံးဝင်သောနိုင်ငံများသို့ Strategic Item များတင်ပို့လိုသည့် တောင်ကိုရီးယားပို့ကုန် လုပ်ငန်းရှင်များအနေဖြင့်လည်း စာရွက်စာတမ်းများဖြင့် တင်ပြရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိရန် အချိန်ကာလတစ်ခု စောင့်ဆိုင်းရန်လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။ တင်ပို့ရန်ခွင့်ပြုချက်ရရှိရန်အတွက် အုပ်စု(၃)ခုအတွက် လုပ်ငန်းဆောင်ရွက်ရသည့် အဆင့်များသည် အနည်းငယ်ကွဲပြားမှုရှိရာ Group (A-1)အတွက် စာရွက်စာတမ်း(၃)မျိုး၊ Group (A-2)အတွက် (၅)မျိုးနှင့် Group B အတွက်(၇)မျိုးခန့်လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ယခုကဲ့သို့ တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်ထိန်းချုပ်မှုစနစ်နှင့် ပတ်သက်၍ လိုက်နာရန် စည်းမျဉ်းစည်းကမ်းများအား ပြောင်းလဲလိုက်ခြင်းသည် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတင် စတင် အကျိုးသက်ရောက်မည်ဖြစ်ပါသည်။ သို့ပါ၍ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ(၁၃)ရက်နေ့ထုတ်ဝေသည့် ကိုရီးယားသံတော်ဆင့် (The Korean Herald) သတင်းစာတွင်ဖော်ပြပါရှိသော ကိုရီးယားသမ္မတနိုင်ငံ၏ ယုံကြည်ရသည့် ကုန်သွယ်ဖက်နိုင်ငံစာရင်းမှ ဂျပန်နိုင်ငံအားပယ်ဖျက်မည့် သတင်းအားသိရှိနိုင်ပါရန် ပေးပို့တင်ပြအပ်ပါသည်။

**Source: စီးပွားရေးသံမှူး-ကိုရီးယား**

## ရွှေဈေးတက်နေချိန် လေပတ်ကားနှင့်ဈေးမကစားရန် အရေးပေါ်ထုတ်ပြန်

မြန်မာ့ရွှေဈေးနှုန်း မြင့်တက်နေခြင်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းက ဈေးကွက်အတွင်း လေပတ်ကားနှင့် ဈေးမကစားရန် အရေးပေါ်ညွှန်ကြားချက်ကို ဩဂုတ်လ ၁၃ ရက်က ထုတ်ပြန်လိုက်သည်။ ပြည်တွင်း ရွှေလုပ်ငန်းရှင်များအနေဖြင့် ရွှေကိုရောင်းဝယ်ရာ၌ လက်ငင်းငွေချေရောင်း၊ဝယ်ကြရန်ဖြစ်ပြီး နှုတ်ဖြင့်ရောင်း၊ ဝယ်ခြင်း (လေပတ်ကား) မပြုလုပ်ကြရန်နှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းများကိုလည်း မပြုလုပ်ရန် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ယင်းညွှန်ကြားချက်ကို ဩဂုတ်လ ၁၄ ရက်တွင် တိုင်းနှင့်ပြည်နယ်အသီးသီးရှိ ရွှေလုပ်ငန်းရှင်များအသင်းသို့ ပေးပို့ထားကြောင်းသိရသည်။ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ရွှေလုပ်ငန်းရှင်တွေ အားလုံးဈေးနှုန်းကို ထိန်းထိန်းသိမ်းသိမ်းနဲ့ရောင်းနိုင်ဖို့ဆွေးနွေးတယ်။ ရွှေကို လက်ငင်းရောင်း လက်ငင်းဝယ်ပေါ့။ လက်တွေ့ အရောင်းအဝယ် လုပ်ဖို့ထုတ်တာပါ။ ဆိုလိုတာက ကြိုရောင်း၊ ကြိုဝယ်တာတို့ ဘာတို့ မလုပ်ကြဖို့ဟု ဧရာဝတီသို့ပြောသည်။ လက်ရှိရွှေဈေး အတက်၊ အကျသည် ကမ္ဘာ့ရွှေဈေး အတက်၊ အကျ၊ ဈေးကွက်ဝယ်လိုအား၊ ရောင်းလိုအားနှင့် ငွေဈေးကွက်ပေါ်တွင်သာ မူတည်မည်ဖြစ်ပြီး အားလုံးညီမျှလျှင် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ သူ့သဘာဝအတိုင်းတက်တဲ့ သဘောမျိုးဖြစ်စေချင်လို့ဟုလည်း ဦးကျော်ဝင်းကပြောဆိုသည်။

ယနေ့ရွှေဈေးသည် အကယ်ဒမီ အခေါက်ရွှေ ၁၆ ပဲရည်ပြည့် ၁ ကျပ်သားလျှင် ကျပ် ၁၂ သိန်း ၁ သောင်းကျော်၊ ၁၅ ပဲရည် ပြည့် ရွှေ ၁ ကျပ်သားလျှင် ကျပ် ၁၁ သိန်း ၂ သောင်းဝန်းကျင်နှင့် အရောင်းအဝယ် ဖြစ်နေကြောင်း ရန်ကုန်မြို့ ရွှေဆိုင် ပိုင်ရှင်များထံမှသိရသည်။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က အခုတော့ ရွှေဈေးက နည်းနည်းပြန်ကျသွားပြီ၊ ညနေပိုင်းဈေးပေါ့။ ကမ္ဘာ့ရွှေဈေးပြုတ်ကျလာရင် ပြန်ကျလာရင် ကျသွားမှာပါ။ ကျနော်တို့က တိုက်ရိုက်ချိတ်ထားတာ။ ပြည်တွင်းရွှေဈေးက ကျပ် ၁၁ သိန်းနားထိလောက် ကျဦးမယ်ထင်တယ်။ ဘာလို့လဲ ဆိုတော့ ကမ္ဘာ့ရွှေဈေးကျလာလို့ဟု ဧရာဝတီသို့ပြောသည်။ ထိုသို့ ကမ္ဘာ့ရွှေဈေးကျလာနိုင်သည့်အကြောင်းမှာ အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲ၏ အဓိကအချက်ဖြစ်သော အခွန်နှင့်ပတ်သက်၍ အမေရိကန်က တရုတ်သို့ အခွန်ကောက်မည့် ကိစ္စ ဒီဇင်ဘာလအထိ ရွှေ့ဆိုင်းလိုက်ခြင်းကြောင့်ဖြစ်သည်ဟုလည်း ၎င်းကပြောဆိုသည်။ ရတ်တရက် ရွှေဈေးနှုန်း ခုန်တက်သွားမှုကြောင့်လည်း ဈေးကွက်အတွင်း၌ လေပတ်ကားလုပ်သူ၊ ရွှေအရောင်းအဝယ် ပြုလုပ်သူတချို့ အရှုံးအမြတ် အလွန်များကြောင်း၊ ယင်းအခြေအနေများကြောင့် ဈေးကွက်အတွင်း အနည်းငယ် ရှုပ်ထွေးနေကြောင်း ရွှေလုပ်ငန်းရှင်များထံမှ သိရသည်။ ပြီးခဲ့သည့် ဩဂုတ်လ ၇ ရက်က ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာသဖြင့် မြန်မာ့ရွှေဈေးသည် အခေါက်ရွှေ တကျပ်သားလျှင် ကျပ် ၁၂ သိန်းအထိ မြင့်တက်လာခဲ့ပြီး ဩဂုတ် ၁၄ ရက်အထိ အခေါက်ရွှေ တကျပ်သားလျှင် ကျပ် ၁၂ သိန်း ကျော် အထိ မြင့်တက်လျက်ရှိသည်။

**Source: The Irrawaddy - Burmese Edition**

https://www.facebook.com/kope.aung

## စီးပွားရေးစိုးရိမ်မှုကြောင့် ကန်နဲ့ဥရောပ စတော့ဈေးတွေထိုးကျ

စီးပွားရေးအညွှန်းကိန်းတွေက လာမယ့်နှစ်မှာ ကမ္ဘာ့စီးပွားရေးကျဆင်းမယ့်လက္ခဏာ ပြသလာပြီးတဲ့နောက်မှာ အမေရိကန်စတော့ အစုရှယ်ယာတွေ ဗုဒ္ဓဟူးနေ့က လျော့ကျသွားခဲ့ပါတယ်။ Dow Jones အစုရှယ်ယာ Standard and Poors အစုရှယ်ယာနဲ့ Nasdaq အစာရှယ်ယာ ဈေးနှုန်းတွေ ၃ ရာခိုင်နှုန်းစီ ကျဆင်းခဲ့ပါတယ်။ ဥရောပဈေးကွက်မှာလည်း စတော့ဈေးနှုန်းတွေ သိသိသာသာကျဆင်းခဲ့ပါတယ်။

လေ့လာသုံးသပ်သူတွေက ဂျာမနီနဲ့ တရုတ်နိုင်ငံတို့ရဲ့ အားနည်းနေတဲ့ စီးပွားရေးက ရရှိခဲ့တဲ့ စာရင်းဇယားတွေကို နောက်နှစ် ကမ္ဘာ့ စီးပွားရေးကျဆင်းမယ့် လက္ခဏာတွေအဖြစ်ယူဆခဲ့ကြပါတယ်။ ပုံမှန်အားဖြင့်တော့ အစိုးရရဲ့ ရေရှည်ငွေစုလက်မှတ် အတွက်အတိုးနှုန်းဟာ ရေတိုငွေစုလတ်မှတ် အတိုးနှုန်းထက်ပိုမြင့်လေ့ရှိပါတယ်။ ဗုဒ္ဓဟူးနေ့မှာတော့ ပုံမှန်မဟုတ်ဘဲ ရေရှည်အတိုးနှုန်းက ရေတိုအတိုးနှုန်းထက် လျော့ကျသွားတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေက အမေရိကန်စီးပွားရေးအပေါ် စိုးရိမ်ပူပန်တာတွေ ပြသခဲ့ကြပါတယ်။

အခုလို အတိုးနှုန်း ပြောင်းပြန်ဖြစ်တာဟာ ၂၀၀၇ ခုနှစ်နောက်ပိုင်း ပထမဆုံး အကြိမ်ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် အမေရိကန် စီးပွားရေး အကျပ်အတည်း မဖြစ်ခင် ၂၀၀၇ ခုနှစ်မှာလည်း အခုလို အတိုးနှုန်း ပြောင်းပြန် ဖြစ်ခဲ့ပါတယ်။ အဲဒီ အချိန်တုန်းက အမေရိကန် အလုပ်သမား အများအပြား အလုပ်လက်မဲ့ ဖြစ်ခဲ့ပြီး နှစ်ရှည် ချေးငွေနဲ့ ဝယ်ယူထားတဲ့ အိမ် ချေးငွေ ပြန်လည် မပေးနိုင်လို့ အိမ် ဆုံးရှုံးမှုတွေ အများအပြား ဖြစ်ပေါ်ခဲ့ဖူးပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ခြောက်ဆယ်အတွင်း

အမေရိကန် စီးပွားရေး ကျဆင်းမှု ကြီး ၉ ခု မဖြစ်ခင်မှာ အခုလို အတိုးနှုန်း ပြောင်းပြန် ဖြစ်လေ့ရှိခဲ့ပါတယ်။ တရုတ်နိုင်ငံက စက်မှုထွက်ကုန် ၁၇ နှစ်အတွင်း အနိမ့်ဆုံးဖြစ်တယ်လို့ ကြေညာခဲ့သလို ဥရောပစီးပွားရေးအင်အားကြီး ဂျာမနီနိုင်ငံကလည်း ဧပြီကဇွန်လအတွင်း ဂျာမနီစီးပွားရေးကျဆင်းခဲ့တယ်လို့ဆိုပါတယ်။

**Source: VOA Burmese News**

https://www.facebook.com/kope.aung

## မြန်မာ့ခရီးသွားကဏ္ဍဖွံ့ဖြိုးရေး နိုင်ငံတကာခရီးသွားပြပွဲကျင်းပမည်

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရန်အတွက် Outbound လိုင်စင်ရ ခရီးသွားကုမ္ပဏီများစုစည်းကာ နိုင်ငံတကာ ခရီးသွားပြပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း ဩဂုတ် ၁၁ ရက်က မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနောင်းနောင်း ဟန်ကပြောဆိုသည်။ ဒါနဲ့ဆိုရင် ခရီးသွားပြပွဲက ခြောက်ကြိမ်မြောက်ရှိပါပြီ။ ရှေ့မှာကျင်းပခဲ့တဲ့ ပွဲတွေမှာလည်း အလားအလာကောင်းတွေရှိခဲ့တယ်။ ပြခန်းကို လာရောက်လေ့လာတဲ့သူတွေကိုလည်း ခရီးစဉ် သွားရောက် လည်ပတ်ချင်တယ်ဆိုရင် လေယာဉ်လက်မှတ်တွေကအစ စျေးလျှော့ပေးထားတာတွေပါမယ်။ ဒီလိုပြပွဲတွေ များများ လုပ်နိုင်ရင် ခရီးသွားကဏ္ဍအတွက် အများကြီးအကျိုးရှိပါတယ်။ လက်ရှိမှာလည်း ခရီးသွားဧည့်သည်တွေက ဝင်လာကြ ပါတယ်။ တရုတ်ကတော့ ပိုဝင်လာတယ်ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌဦးနောင်းနောင်းဟန်က ပြောဆိုသည်။

ယင်းအပြင် ခရီးသွားကဏ္ဍဖွံ့ဖြိုးရန် ရည်ရွယ်၍ အနောက်နိုင်ငံခြောက်နိုင်ငံကို လည်း လာမည့်အောက်တိုဘာ ၁ ရက်မှစ၍ ဗီဇာဖြေလျှော့ပေးထားကြောင်း၊ ခရီးသွား Master Plan အရ ၂၀၂၀ ပြည့်နှစ်အထိ ခရီးသွားဧည့်သည် ခုနစ်သန်းမှန်းထားကြောင်းသိရသည်။ ပြည်တွင်းသို့ လေကြောင်းဖြင့် လာရောက်မှုထက် နယ်စပ်မှလာရောက် လည်ပတ်သည့်ဧည့်သည်မှာ အများဆုံးဖြစ်ကြောင်း၊ ယင်းအပြင် ခရီးသွားကဏ္ဍအဆင့်မြှင့်တင်မှုများ ပြုလုပ်ရာတွင် ပြည်ပခရီးသွား ဧည့်သည်များအား ဆွဲဆောင်နိုင်သည့် နေရာဒေသအသစ်များကိုလည်း ဖော်ဆောင်ရန်လိုအပ်ကြောင်းသိရသည်။ အဆိုပါပြပွဲကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပမည်ဖြစ်သည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung

## တရုတ်ရဲ့ စက်မှုကုန်ထုတ်လုပ်ငန်းတွင်း ထုတ်လုပ်မှု ၁၇ နှစ်တာအတွင်း အနိမ့်ဆုံးသို့ရောက်ရှိ

ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း တရုတ်ရဲ့စီးပွားရေးကတော့ နောက်ထပ်စိုးရိမ်စရာလက္ခဏာရပ်တွေကို ပြသလာ ခဲ့ပါတယ်။ ဒါကတော့ နိုင်ငံရဲ့စက်ရုံတွေကနေ ထုတ်လုပ်မှု၊ ထွက်ရှိမှုနှုန်းထားဟာ နှစ်ပေါင်း ၁၇ နှစ်တာအတွင်း အနိမ့်ဆုံးသောလယ်ဗယ်ကို ကျဆင်းသွားခြင်းဖြစ်ပါတယ်။ အလားတူရင်းနှီးမြှုပ်နှံမှုနဲ့ လက်လီရောင်းအားတွေဟာ လည်း နှေးကွေးနေလျက်ရှိကြောင်း တရားဝင်ဒေတာအချက်အလက်တွေအရသိရပါတယ်။ ယင်းအတွက်ကြောင့် ကမ္ဘာ့ ဒုတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံအနေနဲ့ ကမ္ဘာလုံးဆိုင်ရာဂယ်လိုအားနေးကွေးမှု၊ အမေရိကန်နဲ့အကြား ကုန်သွယ်ရေးစစ်တို့ကြောင့် ဘယ်လိုဘယ်ပုံထိခိုက်မှုတွေဖြစ်ပေါ်နေပြီလဲဆိုတာကို ယခုကိန်းဂဏန်းတွေက မီးမောင်းထိုး ပြသနေတယ်လို့သိရပါတယ်။ ပြီးခဲ့တဲ့လအတွင်း တရုတ်တို့ရဲ့စက်မှုလုပ်ငန်းတွင်း ထွက်ရှိမှုနှုန်းထားကတော့ ၂၀၀၂ နောက်ပိုင်းအားအနည်းဆုံး အရှိန်နှုန်းထားဖြစ်ခဲ့တယ်လို့သိရပါတယ်။

**Source:** https://www.channelnewsasia.com/.../china-s-industrial-output...

SFJ Strategy First Journal

## ဆယ်စုနှစ် ၂ စုအတွင်း အိန္ဒိယကားဈေးကွက်ထဲ ကားရောင်းအားနှုန်း အများဆုံးကျဆင်း

အိန္ဒိယ ကားဈေးကွက်အတွင်း ကားရောင်းချရမှုနှုန်းဟာ ဆယ်စုနှစ် နှစ်စုနီးပါးအတွင်း အများဆုံးပမာဏကို ကျဆင်းသွားခဲ့တယ်လို့ သိရပါတယ်။ အာရှရဲ့ တတိယမြောက်အကြီးဆုံး စီးပွားရေးနိုင်ငံမှာတော့ ကားရောင်းအားနှုန်း ကျဆင်းမှုဟာ ကိုးလဆက်တိုက်ရှိနေခဲ့ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လတုန်းက အိန္ဒိယကားဈေးကွက်ထဲ

ကားရောင်းအားနှုန်းဟာ ယခင်အစောပိုင်းတစ်နှစ်ကနဲ့ယှဉ်ရင် ၃၆ ရာခိုင်နှုန်းအထိကျဆင်းပြီး စီးရေ ၁၂၂၉၅၆ သာ ရောင်းချခဲ့ရတယ်လို့ အိန္ဒိယမော်တော်ကားထုတ်လုပ်သူများအသင်းရဲ့ တရားဝင်ထုတ်ပြန်ချက်တွေအရ သိရပါတယ်။

အိမ်သုံး၊ မိသားစုသုံးကားတွေ ရောင်းချရမှုနှုန်းဟာ ၃၁ ရာခိုင်နှုန်းအထိ ကျသွားသလို ထရပ်ကားနဲ့ ဘတ်စ်ကား ရောင်းအားနှုန်းကတော့ ၂၆ ရာခိုင်နှုန်းကျသွားတယ်လို့ သိရပါတယ်။ ယခုလို ကားရောင်းအားနေးကွေးမှုကြောင့် ကား ထုတ်လုပ်သူတွေအနေနဲ့လည်း ထုတ်လုပ်မှုတွေလျှော့ချရတာ ဒါမှမဟုတ် စက်ရုံတွေယာယီပိတ်သိမ်းရတာတို့ရှိနေသလို လုပ်ငန်းတွင်း အလုပ်အကိုင်ပေါင်း ၁၅၀၀၀ ထက်မနည်း ဆုံးရှုံးစေခဲ့ကြောင်းသိရပါတယ်။

**Source:** https://www.bloomberg.com/.../car-sales-in-india-drop-most-in...

SFJ Strategy First Journal

## အမေရိကန်နဲ့ဗြိတိန်အကြား ကုန်သွယ်ရေးစာချုပ်တစ်ခု ချုပ်ဆိုနိုင်ရေးဆွေးနွေးနေ

လာမယ့် နိုဝင်ဘာ ၁ ရက်မှာ စတင် အသက်ဝင်လာနိုင်မယ့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ခုနဲ့ပတ်သက်လို့ အမေရိကန်နဲ့ ဗြိတိန်တို့အကြား ဆွေးနွေးနေလျက်ရှိတယ်လို့သိရပါတယ်။ ဒါဟာ အောက်တိုဘာ ၃၁ ရက် ဥရောပသမဂ္ဂကနေ ဗြိတိန် နုတ်ထွက်မှုအပြီး နောက်တစ်နေ့မှာ ယင်းစာချုပ်ကို အသက်ဝင်စေဖို့ ရည်ရွယ်ထားကြောင်း Donald Trump အစိုးရ အကြီးတန်းအရာရှိကြီးတစ်ဦးကပြောပါတယ်။

အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေး John Bolton လန်ဒန်ကို လာတဲ့ခရီးစဉ်တစ်ခုအတွင်း ဗြိတိန် ကုန်သွယ်ရေးဝန်ကြီး Liz Truss နဲ့ တွေ့ဆုံကာ နှစ်ဘက်အကြား ကုန်သွယ်ရေး သဘောတူညီချက်တစ်ခုအတွက် လမ်းပြမြေပုံ ကြေညာချက်ကို နှစ်ဘက်ခေါင်းဆောင်တွေ လက်မှတ်ထိုးနိုင်မယ့် အလားအလာနဲ့ပတ်သက်လို့ ဆွေးနွေးခဲ့ပါတယ်။ ယင်းလက်မှတ်ထိုးမှုကိုတော့ ယခုလ ပြင်သစ်က G7 အစည်းအဝေးမှာ ဖြစ်နိုင်တယ်လို့ သိရပါတယ်။ ဗြိတိန်အနေနဲ့ အီးယူကနေ အောက်တိုဘာ ၃၁ မှာ ထွက်ဖို့ရှိနေပါတယ်။ ဝန်ကြီးချုပ် Boris Johnson ကတော့ ၎င်းအနေနဲ့ နိုင်ငံကို အီးယူကနေ သဘောတူညီချက်မပါဘဲ ထွက်ဖို့ပြင်ဆင်နေတယ်လို့ဆိုပါတယ်။ ဒါပေမယ့်လည်း အခြားသဘောတူညီချက်တစ်ခုနဲ့အတူ အစီအစဉ်တကျရှိတဲ့ ထွက်ခွာမှုဖြစ်ဖို့ မျှော်လင့်ထားတယ်လို့လည်း ပြောသွားပါတယ်။

**Source:** https://www.channelnewsasia.com/.../us-and-britain-discuss-tr...

SFJ Strategy First Journal

## အမေရိကန်ဒေါ်လာ (၁.၂၆၅) သန်းရှိ စက်မှုကဏ္ဍမှ လုပ်ငန်း(၂)ခု ခွင့်ပြု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၃/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးအား ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် (၁၀)ဦး တက်ရောက်ခဲ့ကြပါတယ်။ အစည်းအဝေးတွင် စက်မှုကဏ္ဍမှ လုပ်ငန်း(၂)ခု ခွင့်ပြုခဲ့ပါတယ်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁.၂၆၅) သန်းနှင့် ကျပ် (၁၈.၀၀၀) သန်းရှိပြီး ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၂၆၉) နေရာကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ နိုင်ငံပေါင်း (၄၉) နိုင်ငံတို့မှ စီးပွားရေးကဏ္ဍ (၁၂)ခု တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း (၁၇၅၂) ခု ရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း (၈၀,၈၉၂.၀၆၁) ဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များထုတ်ပေးခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါတယ်။ နိုင်ငံပေါင်း ၄၉ နိုင်ငံမှ စီးပွားရေးကဏ္ဍ (၁၂) ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၇.၇၂%) ဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၆.၁၈%) ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၁၃.၈၂%) ဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားတာဖြစ်ပါတယ်။

**Source:** https://www.facebook.com/SFJWeekly/posts/2597042440383032?__tn__=K-R

## တရုတ်ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံမှုအချို့ကို အမေရိကန်သမ္မတအချိန်ရွှေ့ဆိုင်း

အမေရိကန်နိုင်ငံသည် ကျန်းမာရေး၊ လုံခြုံရေး၊ အမျိုးသားလုံခြုံရေးနှင့် အခြားအကြောင်းအရာများကြောင့် တရုတ်သွင်းကုန်ပစ္စည်းအချို့အပေါ် လာမည့် ဒီဇင်ဘာမတိုင်မီအထိ အခွန်တိုးကောက်မည့် အစီအစဉ်အား ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။ ယင်းသွင်းကုန်ခွန်တိုးမြှင့်မှု ရွှေ့ဆိုင်းမှုတွင်ပါဝင်သည့် ကုန်ပစ္စည်းများထဲ၌ မိုဘိုင်းဖုန်း၊ လက်ပ်တော့၊ ဗီဒီယိုဂိမ်းခလုတ်၊ အရုပ်၊ ကွန်ပျူတာမော်နီတာ၊ ဖိနပ်နှင့်အဝတ်အထည်များပါဝင်သည်။ ယင်းကြေညာချက်ကို အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးက ဩဂုတ် ၁၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ယင်းသတင်းကြောင့် ရှယ်ယာဈေးနှုန်းများ မြင့်တက်ခဲ့ရသည်။

သို့သော် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမှုကို ရင်ဆိုင်ရမည့် အခြားကုန်ပစ္စည်းအချို့မှာ စီစဉ်ထားသည့်အတိုင်း လာမည့် စက်တင်ဘာ ၁ ရက်တွင် အကျုံးဝင်မည်ဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ယင်းကဲ့သို့ ရွှေ့ဆိုင်းလိုက်သည့်အခြေအနေသည် ယခုခရစ်စမတ်ကာလတွင် အမေရိကန်ဈေးဝယ်သူများ ထိခိုက်မှုကိုရှောင်ရှားရန် တစ်စိတ်တစ်ပိုင်း လုပ်ဆောင်ခြင်းဖြစ်သည်ဟု သတင်းထောက်များကို ပြောကြားခဲ့သည်။ တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟဲသည် အမေရိကန်ကုန်သွယ်ရေး အရာရှိများထံသို့ ဖုန်းခေါ်ဆိုခဲ့ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြား ခဲ့ပြီး မိနစ်ပိုင်းအကြာတွင် အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး၏ ထုတ်ပြန်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများက ယင်းကင်းလွတ်ခွင့်ပြုသည့် သတင်းကိုကြိုဆိုခဲ့ကြပြီး ချစ်ပ်ပြား ဈေးနှုန်း အညွှန်းကိန်းမှာလည်း ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ရသည်။ လက်လီအရောင်းဆိုင်များနှင့် စက်မှုရှယ်ယာများမှာလည်း တိုးလာခဲ့သည်။

အမေရိကန်သမ္မတထရန့်က လယ်ယာထုတ်ကုန်ပစ္စည်းများကို ပိုမိုဝယ်ယူမည်ဟုဆိုသည့် ကတိများကို တရုတ်ဘက်က လိုက်နာခြင်းမရှိကြောင်း အပြစ်တင်ပြီးနောက် တရုတ်ကုန်ပစ္စည်းများအပေါ် ဒေါ်လာ ၃၀၀ ဘီလီယံဖိုးရှိသည့် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းတိုးမြှင့်မည်ဟု ဩဂုတ် ၁ ရက်တွင် ပြောကြားခဲ့သည်။

**Source:** BBC

https://www.dailydemocracytoday.com/international-news/281-

## ရွှေဈေးမြင့်ချိန် လက်ငင်းငွေချေစနစ်ဖြင့်ရောင်းဝယ်ကြရန်နှင့် ဈေးတင်မရောင်းကြရန် ရွှေလုပ်ငန်းရှင်များအသင်း ထုတ်ပြန်



ကမ္ဘာ့ရွှေဈေးကြောင့် မြန်မာ့ရွှေဈေး မြင့်တက်နေသည့်အချိန်တွင် ငွေလက်ငင်းစနစ်ဖြင့် ရောင်းဝယ်ကြရန်နှင့် ဈေးမြှင့်တင်ရောင်းချခြင်းများမလုပ်ကြရန် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းက ဩဂုတ် ၁၃ ရက်က ထုတ်ပြန်ထားသည်။

ကမ္ဘာ့ရွှေဈေးမြင့်တက်နေမှုကြောင့် မြန်မာ့ရွှေဈေးနှုန်းပါ မြင့်တက်လျက်ရှိသည့်အတွက် ဩဂုတ် ၉ ရက်က ရန်ကုန်တိုင်းရှိ ကုန်သည်/စက်မှုအသင်းချုပ်၌ပြုလုပ်သည့် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်အသင်း ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များစုံညီအထူးအစည်းအဝေးဆုံးဖြတ်ချက်အရ တိုင်းနှင့်ပြည်နယ်များမှ ရွှေလုပ်ငန်းရှင်များအနေဖြင့် ရွှေအရောင်းအဝယ်ပြုလုပ်ရာတွင် လက်ငင်းငွေချေစနစ်ဖြင့်သာ အရောင်းအဝယ်လုပ်ကြပြီး နှုတ်ဖြင့်အရောင်းအဝယ်မပြုကြရန်နှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမပြုလုပ်ကြရန် ထုတ်ပြန်ချက်၌ဖော်ပြပါရှိသည်။

**Source:** https://myanmar.mmtimes.com/news/126999.html

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ယခင်နှစ်ထက် ပိုဝင်ရောက်

၂၀၁၈-၁၉ ဘဏ္ဍာနှစ် (၂၀၁၈ အောက်တိုဘာမှ ၂၀၁၉ ဇူလိုင်အထိ) အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလျံကျော် ဝင်ရောက်ထားပြီးဖြစ်သည်။ ပြီးခဲ့သည့်နှစ် ကာလတူတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလျံသာ ဝင်ရောက်ခဲ့သည်။ ကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့တွင် ပိုမိုဝင်ရောက်လာခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အဓိကမြင့်တက်လာခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/126997.html

## ကျောက်မျက်ရတနာများကို အထူးကုန်စည်အဖြစ်မှ ပယ်ဖျက်

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းတွင် ကျောက်မျက်ရတနာ များကို အထူးကုန်စည်အဖြစ်မှ ပယ်ဖျက်ထားသည်။ ကျောက်မျက်ရတနာများကို ယခင်က အထူးကုန်စည်ခွန်အဖြစ် သတ်မှတ်၍ ၁၅ ရာခိုင်နှုန်း သတ်မှတ်ကောက်ခံခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ပယ်ဖျက်ရခြင်းမှာ ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ဇန်နဝါရီလကုန်က ပြဌာန်းခဲ့ပြီး ကျောက်မျက်ရတနာများ ထုတ်လုပ်ရောင်းချမှုကို အဆိုပါဥပဒေအရ ရတနာခွန်အဖြစ် ကောက်ခံသွားမည့်အတွက် ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/126996.html

## မြန်မာနိုင်ငံသနပ်ခါးညီလာခံကို မုံရွာ၌ပြုလုပ်ရန်စီစဉ်

မြန်မာနိုင်ငံ သနပ်ခါးညီလာခံကို မုံရွာမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၁ ရက်တွင် ကျင်းပရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံသနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်မိုးကပြောသည်။ သနပ်ခါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မြန်မာနိုင်ငံ သနပ်ခါးညီလာခံကျင်းပရန် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသို့ ဩဂုတ်လဆန်းတွင် တင်ပြထားကြောင်း ၎င်းကပြောသည်။ အဓိကမြန်မာ့သနပ်ခါး ယဉ်ကျေးမှု မြှင့်တင်ဖို့နဲ့ သနပ်ခါးကဏ္ဍဖွံ့ဖြိုးဖို့အတွက် ညီလာခံကျင်းပတာပါ။ ဒီညီလာခံမှာ သနပ်ခါးခေါင်းစဉ်နဲ့ ထုတ်ကုန်တွေကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသွားမယ်။ အခုလောလောဆယ် ဈေးကွက်ထဲက သနပ်ခါးခေါင်းစဉ်တပ် အလှကုန်အမျိုးအစား ၁၀၀ နီးပါး ဓာတ်ခွဲစစ်ဆေးနေတယ်။ သနပ်ခါးအမည်ခံပြီး ကုန်ကြမ်းသနပ်ခါးမပါဝင်ရင် စားသုံးသူလည်းနစ်နာသလို သနပ်ခါးစိုက်တောင်သူတွေလည်းနစ်နာတယ်ဟု ဦးကျော်မိုးကပြောသည်။

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချနေသော သနပ်ခါးအမည်ဖြင့် အလှကုန်များကို ဓာတ်ခွဲစစ်ဆေးပြီး မြန်မာနိုင်ငံ သနပ်ခါးအသင်းက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရန် ပညာရှင်များပါဝင်သော အဖွဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း ဦးကျော်မိုးကပြောသည်။ အခုဈေးကွက်ထဲမှာ သနပ်ခါးအမည်ခံ အလှကုန်တွေအများကြီးဝင်ရောက်လာပေမယ့် တောင်သူတွေရဲ့သနပ်ခါးက ဝယ်လိုအားကျနေဆဲပါ။ အလှကုန်တွေမှာ ကုန်ကြမ်းသနပ်ခါးဝယ်မှ တောင်သူတွေလည်း ရောင်းရမှာလေ။ သနပ်ခါးအမည်ခံထုတ်လုပ်တဲ့ပစ္စည်းတွေမှာ ကုန်ကြမ်းသနပ်ခါး အနည်းဆုံး ၂၀ ရာခိုင်နှုန်းပါဝင်မှ မြန်မာနိုင်ငံ သနပ်ခါးအသင်းက ထောက်ခံပေးမယ်လို့သိရတယ်ဟု အရာတော်မြို့ဒေသခံ သနပ်ခါးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပထမအကြိမ်ကျင်းပမည့် မြန်မာနိုင်ငံသနပ်ခါးညီလာခံတွင် သနပ်ခါးထုတ်ကုန်ပြခန်းများ၊ စစ်ကိုင်းတိုင်းဒေသ ထုတ်ကုန်ပြခန်းများ၊ သနပ်ခါးအသုံးပြု မျက်နှာပေါင်းတင်ခြင်းနှင့် Spa ပြုလုပ်ခြင်း ဝန်ဆောင်မှုပြခန်း၊ သနပ်ခါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ကြောင်း ဦးကျော်မိုးကပြောသည်။

**Source:** http://www.7daydaily.com/story/163685

## စစ်ကိုင်းတိုင်းရှိ သခွားမွှေးတောင်သူအများစု စိုက်ပျိုးလိုသည့် မျိုးစေ့အခက်ကြုံ

စစ်ကိုင်းတိုင်းအတွင်း သခွားမွှေးစိုက်ပျိုးရာသီတွင် တောင်သူအများစု စိုက်ပျိုးလိုသည့် မျိုးစေ့အခက်အခဲကြုံတွေ့နေကြောင်း တိုင်းဒေသကြီး ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင် ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးလွင်ကပြောသည်။ စစ်ကိုင်းတိုင်း၌ မိုးရာသီသခွားမွှေးစိုက်ခင်းများကို ဩဂုတ်တွင်စိုက်ပျိုးပြီး ဆောင်းရာသီသခွားမွှေးစိုက်ခင်းကို စက်တင်ဘာမှ ဒီဇင်ဘာအထိ စိုက်ပျိုးချိန်တွင် တောင်သူအများဆုံးစိုက်ပျိုးသည့် ရွှေသခွားမွှေးမျိုးစေ့ အခက်အခဲကြုံတွေ့နေခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှ ရွှေသခွားမျိုးဖြစ်သည့် ဆင်ရွှေသခွားမျိုးစေ့သည် ရာသီဥတုနှင့်ကိုက်ညီပြီး အပျက်အစီးနည်းပါးကြောင်း၊ အဆိုပါမျိုးစေ့ကို ပြည်တွင်းသို့ နှစ်ကာလကြာမြင့်စွာ တင်သွင်း ရောင်းချခဲ့သည့်နောက်ပိုင်း တောင်သူများ ဝယ်လိုအား များပြားသဖြင့် မျိုးစေ့လုံလောက်မှုမရှိကြောင်း မူဆယ်မြို့ ခွာညိုသစ်သီးပွဲရုံပိုင်ရှင် ဦးစိုးခင်မောင်ကပြောသည်။ တောင်သူတွေ လိုသလောက်မရတဲ့ မျိုးစေ့က ဆင်ရွှေသခွားမွှေးမျိုးပါ။ အဲဒီမျိုးက ရာသီဥတုဒဏ်ခံတာနဲ့ ဈေးကွက်မှာ ကောင်းတာ၊ အပျက်အစီးနည်း တာကြောင့် တောင်သူတွေအများ ဆုံးစိုက်တာပေါ့။ တခြားမျိုးစေ့တွေက အလွယ်တကူဝယ်လို့ ရပေမယ့် အာမခံချက်ရှိတဲ့ သခွားမွှေးမျိုးစေ့တွေကို တောင် သူတွေက ရွေးဝယ်တာပါဟု ဦးစိုးလွင်ကပြောသည်။ တရုတ်နိုင်ငံထုတ် ဖရဲ၊ သခွားမွှေးမျိုးစေ့များကိုသာ အဓိကဝယ်ယူ၍ စစ်ကိုင်းတိုင်းတွင် ရွှေသခွား၊ ဝုခန်းသခွား၊

ရွှေဖရဲသခွားနှင့် ပိုက်သခွားစသည့် ဈေးကွက်ဝယ်လိုအားများသည့် သခွားမွေးသစ်သီးများစိုက်ပျိုးကာ တရုတ်နယ်စပ်မူဆယ်ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း ၎င်းကပြောသည်။

**Source:** http://www.7daydaily.com/story/163686

## ကမ္ဘာ့ရွှေဈေးနှုန်း ဒေါ်လာ ၁၅၀၀ ဝန်းကျင်အထိ ကျဆင်းခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၂၁၃၀၀၀ အထိပြန်ကျ



ကမ္ဘာ့ရွှေဈေးနှုန်းသည် ဩဂုတ် ၁၄ ရက်တွင် ဒေါ်လာ ၁၅၀၀ ဝန်းကျင်အထိကျဆင်းခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၂၁၃၀၀၀ ဝန်းကျင်အထိ ပြန်ကျခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။ ၂၀၁၆ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက်စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး လက်ရှိအချိန်တွင် ကျပ် ၁၂၃၀၀၀၀ ကျော်အထိ မြင့်တက်လာခြင်းဖြစ်သည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ၂၀၁၉ ခု နှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀၊ ဖြင့်ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များ ဆက်တိုက်တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိမြင့်တက်ခဲ့ ဩဂုတ် ၂ ရက် တွင် ကျပ် ၁၁၅၂၀၀၀ ဖြင့် စံချိန်ချိုးခဲ့ပြီး ဩ ဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၅ ရက်တွင် ကျပ် ၁၁၆၇၀၀၊ ဩဂုတ် ၆ ရက်တွင် ကျပ် ၁၁၇၃၀၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၂၀၃၀၀၀၊ ဩဂုတ် ၈ ရက်တွင် ကျပ် ၁၂၀၇၅၀၀၊ ဩဂုတ် ၉ ရက်တွင် ကျပ် ၁၂၂၅၀၀၀၊ ဩဂုတ် ၁၃ ရက်တွင် ၁၂၃၇၀၀၀ အထိ စံချိန်သစ်များတင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံးရွှေဈေးနှုန်းများမှာ ဖေဖော်ဝါရီလအတွင်း ကျပ် ၁၀၆၁၀၀၀-၁၀၈၈၅၀၀၊ မတ်လအတွင်း ကျပ် ၁၀၄၂၅၀၀-၁၀၇၂၀၀၀၊ ဧပြီလအတွင်း ကျပ် ၁၀၃၆၀၀၀-၁၀၅၅၀၀၀၊ မေလအတွင်း ကျပ် ၁၀၃၆၀၀၀ -၁၀၅၉၀၀၀၊ ဇွန်လအတွင်း ကျပ် ၁၀၅၆၀၀၀ -၁၁၃၀၀၀၀၊ ဇူလိုင်လအတွင်း ကျပ် ၁၀၉၇၀၀၀ - ၁၁၅၀၀၀၀ တို့ ဖြစ်သည်။

ကမ္ဘာ့ရွှေဈေးနှုန်းကို ပြန်ကြည့်ပါက ၂၀၁၇ ခုနှစ်ဧပြီလမှစ၍ အတက်အဆင်းကြမ်းလျက်ရှိပြီး လတစ်လအတွင်း အမြင့်ဆုံးနှင့်အနိမ့်ဆုံးနှုန်းသည် ဒေါ်လာ ၃၀ ခန့်မှ ဒေါ်လာ ၇၀ ခန့်အထိ ကွာခြားခဲ့သည်။ လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၉ခုနှစ် ဧပြီ တွင် ၁၂၆၉-၁၃၀၉ ဒေါ်လာ၊ မေတွင် ၁၂၇၀-၁၃၀၆ ဒေါ်လာ၊ ဇွန်တွင် ၁၃၀၅-၁၄၂၃ ဒေါ် လာ၊ ဇူလိုင်တွင် ၁၃၈၂-၁၄၄၅ ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက်ဒေါ်လာ ၃၀ ဝန်းကျင်မှ ဒေါ်လာ ၁၀၀ ကျော်အထိရှိခဲ့သည်။

**Source:** https://news-eleven.com/article/128301

## ဂက်နားရွက်ပြာရောဂါကြောင့် မြန်မာနိုင်ငံက ဂက်တင်ပို့မှုကို တရုတ်ပိတ်ပင်

အာဖရိကမှာဖြစ်နေတဲ့ ဂက်နားရွက်ပြာ ရောဂါနဲ့ပတ်သက်လို့ စိုးရိမ်တဲ့အတွက် မြန်မာနိုင်ငံက တင်ပို့ဂက်သားနဲ့ ထုတ်လုပ်တဲ့အစားစာတွေ၊ ဂက်တွေတင်ပို့တာတွေကို တရုတ်နိုင်ငံက ပိတ်ပင်လိုက်တယ်လို့ ရိုက်တာသတင်းကဖော်ပြထားပါတယ်။ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံကတင်ပို့တဲ့ ဂက်တွေကို ဩဂုတ် ၁၅ ရက် ယနေ့စတင်ပိတ်ပင်သွားမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ ဂက်နားရွက်ပြာရောဂါကို တိုက်ဖျက်ဖို့ ကြိုးပမ်းနေချိန်မှာ မြန်မာနိုင်ငံတင်ပို့တဲ့ ဂက်တွေကိုပိတ်ပင်ထားဖို့ လုပ်ဆောင်လာတာလည်းဖြစ်ပါတယ်။

အာဖရိက ဂက်နားရွက်ပြာရောဂါဟာ ဟိုင်နန်ကျွန်း၊ ဟောင်ကောင်နဲ့တရုတ်နိုင်ငံ အဓိကဒေသတွေမှာ ပျံ့နှံ့ဖြစ်ပွားနေတာကြောင့် တရုတ်အစိုးရဟာ ဂက်နားရွက်ပြာရောဂါ ဖြစ်ပွားမှုကို တားဆီးနိုင်ဖို့ ကြိုးပမ်းနေကြောင်းသိရပါတယ်။ အာဖရိက ဂက်နားရွက်ပြာရောဂါဟာ အာရှနဲ့ဥရောပတို့မှာ ပျံ့နှံ့ဖြစ်ပွားနေဆဲဖြစ်ပြီး ၂၀၁၈ ခုနှစ် ဖွန်လနောက်ပိုင်းကတည်းက တိုက်ကြီးသုံးတိုက်ရှိ နိုင်ငံပေါင်း ၃၆ နိုင်ငံတို့မှာ ဖြစ်ပွားခဲ့တယ်လို့ နိုင်ငံတကာတိရိစ္ဆာန်ကျန်းမာရေးအဖွဲ့ကဆိုပါတယ်။

**Source:** https://www.facebook.com/iseemediamyanmar/?ref=page_internal


## Mandalay Yatana Mall ကျောက်မျက်ရတနာဈေးတွင် Alibaba နှင့်ချိတ်ဆက်၍ တရုတ်ကုမ္ပဏီနှင့်ကုန်သည်များဝယ်ယူ

မန္တလေးမြို့ ၇၈ လမ်း ၃၄ လမ်းရှိ Mandalay Yatana Mall နိုင်ငံတကာ အဆင့်မီ ကျောက်မျက်ရတနာဈေးတွင် ညနေ ၄ နာရီမှစ၍ တရုတ်နိုင်ငံ Alibaba နှင့်ချိတ်ဆက်ကာ တရုတ်ကျောက်မျက်ကုမ္ပဏီများနှင့်ကုန်သည်များက မြန်မာကျောက်စိမ်းများလာရောက်ဝယ်ယူသည့်အစီအစဉ်ပြုလုပ်ကြောင်းသိရသည်။

Alibaba မှ ကျောက်ကုန်သည်များလာရောက်ဝယ်ယူနိုင်ရန် ၊ နိုင်ငံတော်အတွက် အခွန်များပိုမိုရရှိစေရန် ၊ ပြည်တွင်းကျောက်မျက်ဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်စသည့် အစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကာ ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါကျောက်မျက်ရတနာဈေးတွင် တရုတ်ကုန်သည်များ အဓိကဝယ်ယူသည်မှာ ကျောက်စိမ်းဖြစ်သော်လည်းပတ္တမြား နီလာများလည်းဝယ်ယူလာကြောင်း၊ တစ်ရက်လျှင် တရုတ်ကုန်သည် ၃၀၀ ကျော်၊ နိုင်ငံခြားသား ၅၀ ကျော်နှင့် ပြည်တွင်းကုန်သည်များ လာရောက်ကြကြောင်းသိရသည်။

**Source:** https://www.facebook.com/iseemediamyanmar/?ref=page_internal

## STOCK EXCHANGE (15.8.2019)




Stock trading data

As of 15th Aug. 2019

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 8,265 | 98,912,500 | 27,112,747 | 325,353 |
| MTSH | 00002 | 4,100 | +450 | +12.33% | 3,750 | 4,100 | 3,750 | 31,356 | 123,623,800 | 38,929,150 | 159,610 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 19 | 159,600 | 10,400,986 | 87,368 |
| FPB | 00004 | 26,500 | +0 | +0.00% | 26,500 | 26,500 | 26,500 | 381 | 10,096,500 | 2,472,053 | 65,509 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,000 | 962 | 2,931,500 | 12,823,224 | 39,111 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 494.37 | +22.69 | +4.81% | 474.52 | 494.37 | 474.52 | 40,983 | 235,723,900 | 5 | 676,951 |

### Index chart




# Market Overview

As of 1:00 pm, 15th Aug. 2019

| MYANPIX | 494.37 ▲ 22.69 |
|---|---|
| Total Volume (shares) | 40,983 |
| Total Value (MMK) | 236 mil |
| Listed Company | 5 |
| Market Cap. (MMK) | 676,951 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 4,100 | ▲ 450 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 26,500 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 0 |